**CHIN DEFENSE FORCE, KANPETLET**

# သတင်းထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်

၁။ ယနေ့ (၂၃-၈-၂၀၂၁) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီခန့်တွင် ကန်ပက်လက်မြို့ မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်ထုတ်ပြီးပြန်လာသော ရဲဝန်ထမ်းအငြိမ်းစား ဦးလိန်းရွှီ သည် မိမိနေအိမ်ခြံဝန်းအတွင်း မိုင်းနင်းမိပြီး ထိခိုက်ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပါသည်။

၂။ CHIN DEFENSE FORCE-Kanpetlet သည် မိမိမြေ၊ မိမိရေနှင့် မိမိလူမျိုးအကျိုးကို ကာကွယ်စောင့်ရှောက်ရန်အတွက် အသက်ကိုပဓါနမထားဘဲ တိုက်ပွဲဝင်နေကြသူများ ဖြစ်သည့်အားလျော်စွာ မိဘပြည်သူများ၏ အကျိုးစီးပွားကိုထိခိုက်နစ်နာအောင် ကြံစည် ဆောင်ရွက်ခြင်း တစိုးတစိမျှမရှိခဲ့ပါ။

၃။ (၁၅-၈-၂၀၂၁) ရက်နေ့က ဖြစ်ပွားခဲ့သောဖြစ်စဉ်နှင့် ယနေ့ဖြစ်ပွားခဲ့သော ဖြစ်စဉ်များသည် အကြမ်းဖက်စစ်ကောင်စီ၏ လက်နက်အားကိုးဖြင့် အဆင်ခြင်မဲ့ပြုမူခြင်းများကြောင့်သာ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မိမိတို့ **CDF-Kanpetlet** နှင့် သက်ဆိုင်ခြင်းအလျှဉ်း မရှိပါ။ ထိုကိစ္စရပ်များအတွက် တာဝန်ရှိသူ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့မှ သွေးကြွေးကို ပေးလျော်ရမည်ဖြစ်သည်။

CHIN DEFENSE FORCE (CDF)

KANPETLET

CHIN DEFENSE FORCE